KPSN

# ကရင်ငြိမ်းချမ်းရေးအထောက်အကူပြုကွန်ရက် မီဒီယာများသို့ အသိပေးခြင်း

၂၆ စက်တင်ဘာလ ၂၀၂၃ နံနက် ၁၀ နာရီထိ ကန့်သတ်

**KPSN: မြန်မာနိုင်ငံအရှေ့တောင်ပိုင်းဒေသအပေါ် စစ်ကောင်စီ (စကစ) ၏ ထိန်းချုပ်နိုင်မှုများ သိသိသာသာ မှေးမှိန်ကျဆင်းလာနေကြောင်း အစီရင်ခံစာသစ်မှ ဖော်ထုတ်။**

စစ်ကောင်စီ (စကစ) ၏ မြန်မာနိုင်ငံအရှေ့တောင်ပိုင်းဒေသအပေါ် ထိန်းချုပ်နိုင်စွမ်းသည် စစ်ရေးနှင့် အုပ်ချုပ်မှုအတိုင်းအတာနှစ်ခုစလုံးတွင် သိသိသာသာမှေးမှိန်ကျဆင်းလာနေကြောင်း ကရင်ငြိမ်းချမ်းရေးအထောက်အကူပြုကွန်ရက်၏ ယနေ့ထုတ်ပြန်သော အစီရင်ခံစာမှ ဖော်ထုတ်ထားပါသည်။

**“အာဏာဟန်ချက်အပြောင်းအလဲ”** ခေါင်းစီးနှင့်အတူ "မြန်မာနိုင်ငံအရှေ့တောင်ပိုင်းတွင် စစ်အုပ်စုထိန်းချုပ်မှုကျဉ်းမြောင်းလာခြင်း" ခေါင်းစဥ်ငယ်ဖြင့် ထုတ်ပြန်လိုက်သောအစီရင်ခံစာသစ်တွင် စစ်တပ်အာဏာသိမ်းပြီးနောက်ပိုင်း စစ်ကောင်စီ၏ စစ်စခန်း (၆၂) ခုသည် ကရင့်အမျိုးသားအစည်းအရုံး/ကရင့်အမျိုးသားလွတ်မြောက်ရေးတပ်မတော် KNU/KNLA နှင့် ၎င်း၏မဟာမိတ်များ၏ လက်အောက်သို့ ကျဆုံးခဲ့ကြောင်း ဖေါ်ပြထားသည်။

"ကုလသမဂ္ဂအဖွဲ့အစည်းများနဲ့ သံတမန်တွေကတော့ စစ်တပ်ဟာ အင်အားကြီးပြီး အားလုံးကိုထိန်းချုပ်နိုင်စွမ်းရှိတယ်လို့ ယူဆကောင်းယူဆကြလိမ့်မယ်။ ဒါပေမဲ့ ရန်ကုန်မြို့ရဲ့ပြင်ပနဲ့ အခြားမြို့တွေမှာဖြစ်နေတဲ့ လက်တွေ့အခြေအနေကတော့ သူတို့ရဲ့အထင်နဲ့ဆန့်ကျင်ဘက်ဖြစ်ပါတယ်" ဟု ကရင်ငြိမ်းချမ်းရေးအထောက်အကူပြုကွန်ရက်၏ဒါရိုက်တာဖြစ်သူ နော်ဝါးခူရှီးက ဆိုပါသည်။ "ဒါကြောင့် ကရင်ပြည်နယ်နဲ့အခြားဒေသတွေမှာ ဖြစ်ပေါ်နေတဲ့ အာဏာဟန်ချက်ပြောင်းလဲမှုများအပေါ်အခြေခံပြီး အစိုးရများနဲ့ ကုလသမဂ္ဂအဖွဲ့အစည်းများဟာ သူတို့ရဲ့နိုင်ငံရေးနဲ့လူသားချင်းစာနာမှုအထောက်အကူပြုပေးမှုပုံစံနဲ့ချဉ်းကပ်မှုစနစ်တွေကို မဆိုင်းမတွ ပြန်လည်စဉ်းစားသင့်တယ်" ဟု ၎င်းက ဆက်လက်ဆိုထားပါသည်။

အစီရင်ခံစာသစ်၏ဖေါ်ပြချက်အရ KNU ထိန်းချုပ်နယ်မြေမြောက်ပိုင်း၏ အရှေ့နှင့်အနောက်ဘက်နယ်နိမိတ်တစ်လျှောက်တွင် KNU ၏ ဗျူဟာမြောက်နယ်မြေပြန်လည်တိုက်ခိုက်သိမ်းပိုက်နိုင်မှုမှာ ပိုမိုများပြားလာခဲ့သည်။

ထို့အပြင် KNU ထိန်းချုပ်နယ်မြေ၏ အနောက်ဘက်နှင့် တောင်ဘက်ခြမ်းအတွင်း KNU ၏ နယ်မြေတိုးချဲ့စိုးမိုးလာနိုင်မှုများသည်လည်း ရန်ကုန်နှင့်နေပြည်တော်တို့ ကိုဆက်သွယ်ထားသော စစ်အာဏာရှင်၏ အဓိကလမ်းမနှင့် မီးရထားပို့ဆောင်ရေးလမ်းများ၊ နှင့် ရန်ကုန်နှင့်ထိုင်းနယ်စပ်ရှိမြဝတီမြို့ကို ဆက်သွယ်ထားသော ကုန်သွယ် ရေးလမ်းမဖြစ်သည့် အာရှအမြန်လမ်းမတို့အတွက် ကြီးမားသော ချိန်းခြောက်မှုများဖြစ်သည်။

KNU ၏ နယ်မြေပိုမိုစိုးမိုးအုပ်ချုပ်လာနိုင်မှုများသည် ဒေသသမိုင်း၊ ယဉ်ကျေးမှုနှင့် ဘာသာစကားတို့အပေါ် အခြေပြုသောသင်ရိုးညွှန်းတမ်းများဖြင့်သင်ကြားနိုင်မည့် ဖယ်ဒရယ်ကျောင်းများ ပိုမိုဖွင့်လှစ်လာနိုင်မည့် အလား အလာများ တိုးတက်လာခြင်းကို ပြသသည်။ ယခုအခါ ကရင်ပညာရေးနှင့်ယဉ်ကျေးမှုဌာနအောက်တွင်လည် ပတ်နေသောကျောင်းမှာ ယခင်ထက် သုံးဆခန့်များပြားလာခဲ့ပြီး ကျောင်းစုစုပေါင်း ၉၀ဝ ကျော်ရှိပြီဖြစ် သည်။ KNU ၏အုပ်ချုပ်ရေးနယ်မြေနှင့် ရောက်နှောအုပ်ချုပ်ရေးရှိသည့်နယ်မြေနှစ်ခုလုံးတွင် ယခင်ပညာရေးဝန်ကြီး ဌာန၏ ကျောင်းစုစုပေါင်း ၃၇ဝ ကျော်ရှိခဲ့ရာမှ ယခုအခါတစ်လုံးမှမရှိတော့ပေ။

KNU နှင့် မိတ်ဖက်များ၏ နယ်မြေတိုးချဲ့ထိန်းချုပ်လာနိုင်မှုများကြောင့် စကစမှလည်း ဒေသခံများအပေါ် လက်နက်ကြီးများနှင့် လေကြောင်းတိုက်ခိုက်မှုများဖြင့် တိုးမြှင့်တိုက်ခိုက်နေသည်။ အာဏာသိမ်းပြီးချိန်မှ ယခု ၂၀၂၃ ခုနှစ်အထိ လေကြောင်းတိုက်ခိုက်မှုပေါင်း ၄၁၇ ကြိမ်နှင့် လက်နက်ကြီးပစ်ခတ်မှုပေါင်း ၁၁၇၈ ရှိနေသည်။ ဤတိုက်ခိုက်မှုများသည် ပြီးခဲ့သည့် ၁၅ လအတွင်းပိုများလာခဲ့ပြီး အာဏာသိမ်းပြီး ၁၅ လနှင့်နှိုင်းယှဉ်ကြည့်ပါက ယခင်ထက် ပိုများလာသည်ကို တွေ့ရသည်။

စကစသည် ပြည်သူများနေထိုင်ရာနေရာများအား လက်နက်ကြီးနှင့် လေကြောင်းတိုက်ခိုက်မှုများဖြင့် လက်လွတ် စပယ် ပစ်ခတ်တိုက်ခိုက်ရုံသာမကပဲ ပြည်သူပိုင်အဆောက်အုံများဖြစ်သည့် ဘာသာရေးအဆောက်အုံများ၊ ကျောင်းများနှင့် ဆေးရုံများအပေါ် ပစ်မှတ်ထားလျက်ရှိသည်။ ဤတိုက်ခိုက်မှုများကြောင့် ဆေးရုံ ၆ လုံး၊ ဘုန်းကြီး ကျောင်း ၁၀ လုံး ၊ ဘုရားကျောင်း ၁၅ လုံးနှင့် စာသင်ကျောင်း ၁၉ လုံးမှာ ထိခိုက်ပျက်စီးခဲ့ရသည်။ ဤသည်မှာ လည်း နေရပ်စွန့်ခွာရမှု၏ အဓိကအကြောင်းဖြစ်သည်။

လက်ရှိအချိန်တွင် စစ်ဘေးရှောင်လူဦးရေမှာ ကော်သူးလေပြည်နယ်အတွင်း မကြုံစဖူး ၆၃၇,၄၁၄ ဦး ရှိနေပြီ ဖြစ်သည်။ ဤစာရာရင်းတွင် အဖွဲ့အစည်းများလက်လှမ်းမှီမရောက်ရှိနိုင်သော ဒူးပလာယာခရိုင်နှင့် မြိတ်– ထားဝယ်ခရိုင်အတွင်းက အချို့နေရာများရှိ စစ်ဘေးရှောင်များပင် မပါဝင်ပေ။

စစ်ဘေးရှောင်များအား ကူညီနိုင်ရန် လာမည့် ၁၂ အတွင်း အလှူငွေ အမေရိကကန်ဒေါ်လာ ၄၃ သန်း လိုအပ်မည် ဖြစ်ကြောင်း **KPSN** မှ ခန့်မှန်းထားသည်။ ဤသည်မှာ အစားအသောက်လိုအပ်ချက်အတွက်သာဖြစ်ပြီး ပညာရေး၊ ဆေးဝါးနှင့် နေရာထိုင်ခင်းလုံခြုံမှုအတွက် မပါဝင်ပေ။ ဤစစ်ဘေးရှောင်များကို ကူညီနိုင်မည့် တစ်ခု

တည်းသောအသင့်တော်ဆုံးနည်းလမ်းမှာ ကရင်အရေးပေါ်ကူညီရေးအဖွဲ့ကဲ့သို့ နယ်စပ်တွင်အခြေပြု လှုပ်ရှားသည့်ကွန်ရက်များမှတဆင့် အကူအညီပေးခြင်းဖြစ်သည်။

စစ်ဘေးရှောင်အရေအတွက်အနည်းငယ်လျော့နည်းလာသောခရိုင်မှာ မူတြော်ခရိုင်တစ်ခုတည်းသာဖြစ်ပြီး ဤသည်မှာလည်း ယခင်အခြေကုတ်စခန်းမှနေပြီး လက်နက်ကြီးပစ်ချနေသော စကစ၏စစ်စခန်းများကို ကျဆုံးစေသော သို့မဟုတ် ဆုတ်ခွာစေသော KNU ၏ နယ်မြေထိန်းချုပ်မှုခိုင်မာလာမှုနှင့်နယ်မြေတိုးချဲ့အုပ်ချုပ် လာနိုင်မှုများကြောင့် ဖြစ်သည်။

ကုလသမဂ္ဂလူသားချင်းစာနာမှုဆိုင်ရာညှိနှိုင်းရေးရုံးက ၂၀၂၃ ခုနှစ် ဇူလိုင်လအထိဆန်းစစ်ပြီး ထုတ်ပြန်ထားသော မြန်မာနိုင်ငံအရှေ့တောင်ပိုင်းဒေသအတွင်းရှိစစ်ဘေးရှောင်အရေအတွက်စာရင်း၌ ကော်သူလေးဒေသအတွင်းရှိ စစ်ဘေးရှောင်ဦးရေကို ၃၂၂,၆၀၀ သာရှိသည်ဟု အလွန်အကျွံလျော့နည်းခန့်မှန်းဖော်ပြထားမှုအပေါ် ကရင်ငြိမ်းချမ်းရေးအထောက်အကူပြုကွန်ရက်မှ အလွန်အမင်းစိုးရိမ်နေလျက်ရှိသည်။ စကစ၏ထိန်းချုပ်ကန့်သတ်မှုအောက်တွင် လုပ်ငန်းအစီအစဉ်များကိုအကောင်အထည်ဖော်နေသည့် ရန်ကုန်အခြေစိုက်ကုလသမဂ္ဂအဖွဲ့စည်းများအနေဖြင့် ကော်သူးလေရှိနေရာတော်တော်များများအား လက်လှမ်းမမှီပေ။ စစ်ဘေးရှောင်အရေ အတွက်အမှန်ကို လျော့နည်းထုတ်ပြန်မှုသည် အလှူငွေများခွဲဝေရာတွင် မှားယွင်းသောဆုံးဖြတ်ချက်ချမှုများကို ဖြစ်ပေါ်စေပြီး အရေးပေါ်အသက်ကယ်ဆယ်ရေးအကူအညီအမှန်တကယ်လိုအပ်နေသူများဆီသို့ အကူအညီ မရောက်ရှိခြင်းများကို ဖြစ်ပေါ်စေသည်။

ဆက်သွယ်လိုပါက

နော်ဝါးခူရှီး – +၆၆ ၈၆ ၁၁၈ ၂၂၆၁ ( အင်္ဂလိပ် ၊ ကရင်)

စောလေးကပေါ် +  ၆၆ ၆၅ ၄၀၉ ၂၂၈၀ (အင်္ဂလိပ်၊ ဗမာ)

အစီရင်ခံစားအား အောက်အပါ **website** အတွင်းသို့ ဝင်ရောက်ဖတ်ရှုနိုင်ပါသည်

https://www.karenpeace.org/reports-and-briefings/